# ကုမ္ပဏီများသို့ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၄၁ ပုဒ်မခွဲ (က) အရ ကုမ္ပဏီ တစ်ခုသည် စတင်တည်ထောင်သည့်နေ့မှစ၍ ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အကြောင်းကြားမှုများအတွက် မှတ်ပုံတင်ထားသော ရုံးခန်းတစ်ခု ထားရှိရမည်ဖြစ်ရာ ထိုသို့ထားရှိသည့် ရုံးခန်းအား ပြောင်းလဲခဲ့လျှင် ရုံးခန်းလိပ်စာအသစ်အား ပုဒ်မ ၁၄၁ ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည် ဖြစ်ပါသည်။

၂။ အီလက်ထရောနစ် မှတ်ပုံတင်စာရင်းတွင် တင်သွင်းထားသော **ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းလိပ်စာသည် မြေပြင်တွင် အမှန်တကယ် တည်ရှိစေရန်အတွက်** ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ပြီးနောက် နှစ်လအတွင်း တင်ပြရမည့် နှစ်စဉ်အစီရင်ခံစာ တင်ပြချိန်တွင် အောက်ပါအချက်အလက်များပူးတွဲ တင်ပြစေရန် ကြေညာချက်များထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်-

(က) ဒါရိုက်တာများအား အလွယ်တကူဆက်သွယ်ရရှိစေရန်အတွက် MyCO စနစ်တွင် တင်ပြထားသော ဒါရိုက်တာ၏ လိပ်စာတွင် အမှန်တကယ် နေထိုင်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့ (သို့မဟုတ်) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပူးတွဲတင်ပြစေခြင်းနှင့် အကယ်၍ ဒါရိုက်တာသည် နိုင်ငံခြားသား ဖြစ်ပါက Immigration Form C အား တင်ပြစေခြင်း၊

(ခ) MyCO ၌ ကုမ္ပဏီ၏ ရုံးခန်းလိပ်စာသည် မြေပြင်တွင် အမှန်တကယ် တည်ရှိကြောင်းနှင့် ကုမ္ပဏီရုံးခန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ (သို့မဟုတ်) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပူးတွဲတင်ပြစေခြင်း။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီများနှင့် ဒါရိုက်တာများ၊ ကုမ္ပဏီတွင်ပါဝင်သူများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၄၁ ကို လိုက်နာမှုမရှိကြောင်း **မှတ်ပုံတင်အရာရှိ၏ စစ်ဆေးတွေ့ရှိချက်အရလည်းကောင်း၊ တစ်စုံတစ်ဦး၏ အသိပေး အကြောင်းကြားမှုကြောင့် လည်းကောင်း စိစစ်တွေ့ရှိပါက** ဥပဒေအရ သတ်မှတ်ထားသော ဒဏ်ကြေးငွေ ချမှတ်ခြင်းနှင့် အခြားသော အရေးယူဆောင်ရွက်မှုများအား ပြုလုပ်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**